
23 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၀)

## ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### စုစုပေါင်းကုန်သွယ်မှုအား တရုတ်၏ကုန်သွယ်မှုနှင့် နှိုင်းယှဉ်ချက်

၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဇူလိုင်အထိ နှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်





တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတန်ဖိုးသည် စုစုပေါင်းကုန်သွယ်မှု၏ သုံးပုံတပုံကျော် ပမာဏဖြင့် ဆက်ရှိနေပါသည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၇** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက စုစုပေါင်း ကုန်သွယ်မှုတွင်သာမက၊ တရုတ်နှင့်ကုန်သွယ်မှုတွင်ပါ ဆက်လက်ကျဆင်းနေသည်ကို တွေ့ရသည်။ ဇန်နဝါရီတွင် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၃,၆၀၀ ကျော်ရှိပြီး တရုတ်နှင့်ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ သန်း ၁,၂၀၀ ကျော် ရှိခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖေဖော်ဝါရီမှစ၍ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုအပြင် တရုတ်နှင့်ကုန်သွယ်မှုပါ ထက်ဝက်နီးပါး ကျဆင်းခဲ့သည်။ ဇူလိုင်တွင် တရုတ်-မြန်မာ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၃၈၀ အထိ ကျဆင်းခဲ့ပြီး အဆိုပါ ကိန်းဂဏန်းမှာ **၂၀၁၉ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးကျဆင်းခဲ့သော ပမာဏ** ဖြစ်ပါသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၀)
## ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာ-တရုတ် ပင်လယ်ရေကြောင်း၊ နယ်စပ်ကုန်သွယ်မှု အခြေအနေ

၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဇူလိုင်အထိ နှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်




မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်သော တရုတ်နိုင်ငံနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှု၊ နယ်စပ်ကုန်သွယ်မှုများသည် အာဏာသိမ်းပြီးနောက်ပိုင်း သိသိသာသာကျဆင်းခဲ့ရာမှ မေတွင် ပြန်တက်ခဲ့သော်လည်း ဇွန်၊ ဇူလိုင်လများတွင် ပြန်လည်ကျဆင်းသွားခဲ့သည်။ ထို့ကြောင့် စစ်အာဏာမသိမ်းခင် ဇန်နဝါရီက ရှိခဲ့သော ပမာဏသို့ ပြန်ရောက်ခြင်းမရှိသေးသည်ကို တွေ့ရပါသည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၇** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုသည် အာဏာသိမ်းပြီးနောက် အမြင့်ဆုံးအနေဖြင့် ပြီးခဲ့သည့် မေတွင် အမေရိကန်ဒေါ်လာ ၇၇၉ သန်း အထိ တက်သွားခဲ့သည်။ သို့သော် ဇွန်တွင် အမေရိကန်ဒေါ်လာ ၂၁၅ သန်းအထိ ပြန်လည် ကျဆင်းခဲ့ပြီး ဇူလိုင်တွင်မူ အမေရိကန်ဒေါ်လာ ၆၁ သန်းအထိ ထိုးကျခဲ့သည်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုတွင်မူ အာဏာသိမ်းပြီးနောက်ပိုင်း အမြင့်ဆုံးပမာဏအထိ ဇွန်တွင် ရောက်ရှိခဲ့သော်လည်း ဇူလိုင်တွင် အမေရိကန်ဒေါ်လာသန်း ၁၂၀ နီးပါး ပြန်လည်လျော့ကျခဲ့သည်။


ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

23 December, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၀)
### ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာ–တရုတ် ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှု အခြေအနေ

၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဇူလိုင်အထိ နှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်




စစ်အာဏာမသိမ်းခင်နှင့် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ် စုစုပေါင်းကုန်သွယ်မှုကိုကြည့်ပါက အာဏာသိမ်းပြီးနောက်ပိုင်း သိသိသာသာကျဆင်းခဲ့သည်။ မေတွင် ပြန်တက်လာခဲ့သော်လည်း စစ်အာဏာမသိမ်းခင် ဇန်နဝါရီကရှိခဲ့သော ပမာဏသို့ ပြန်ရောက်ခြင်းမရှိသေးပေ။ ဇွန်တွင်မူ အာဏာသိမ်းပြီးစအခြေအနေ ဖေဖော်ဝါရီတွင် ဖြစ်ခဲ့သည့်အတိုင်း ရုတ်တရက် ပြန်လည်ကျဆင်းခဲ့ပြီး ဇူလိုင်တွင် အဆိုပါပမာဏထက် ထက်ဝက်နီးပါး ဆက်လက်ကျဆင်းခဲ့သည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၇** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက တရုတ်နှင့် ကုန်သွယ်မှုတန်ဖိုး စုစုပေါင်းသည် ဇွန်တွင် အမေရိကန်ဒေါ်လာသန်း ၆၅၀ ကျော်ရှိခဲ့ရာမှ ဇူလိုင်တွင် အမေရိကန်ဒေါ်လာသန်း ၃၈၀ ကျော်အထိ ကျဆင်းသွားခဲ့သည်။ ပို့ကုန်တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၁၆၅ သန်းနီးပါး ကျဆင်းခဲ့ပြီး သွင်းကုန် တင်သွင်းမှုတွင် အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော် ကျဆင်းခဲ့ပါသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၀)

## ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာ-တရုတ် ကုန်သွယ်ရေးနှင့် သိသင့်သော အကြောင်းအချက်တချို့

(၂၀၂၁ ခုနှစ် မေမှ ဇူလိုင်အတွင်း ဖြစ်ပွားခဲ့သော ကိစ္စရပ်များအား ဖော်ပြခြင်းဖြစ်ပါသည်)

**မေ ၂၀၂၁**

ဧပြီတွင်းက နယ်စပ်တွင်စုပုံနေသော ကုန်စည်များကို (တင်းကျပ်သောစည်းကမ်းများဖြင့်) ကျင်စန်းကျော့နှင့် ကြူကုတ်-ပန်ဆိုင်းဂိတ်များမှ တင်သွင်းရန် တရုတ်ဘက်က လက်ခံခဲ့သဖြင့် ပို့ကုန်တန်ဖိုး ပြန်မြင့်တက်ခဲ့သည်။ နယ်စပ်တွင် ကုန်စည်စီးဆင်းမှုများ ပြန်လည်ချောမွေ့ခဲ့သော်လည်း သွင်းကုန်တင်သွင်းမှုသာ အများစု ဖြစ်ခဲ့သည်။ တရုတ်-မြန်မာနယ်စပ်၌ တိုက်ပွဲများ ငြိမ်သက်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ သက်ရောက်မှုလည်း နည်းပါးခဲ့သည်။

**ဇွန် ၂၀၂၁**

မြန်မာနိုင်ငံတွင် ကိုဗစ်တတိယလှိုင်း ရောဂါကူးစက်မှုများ မြင့်တက်လာခဲ့သည်။ ထိုအချက်ကို အကြောင်းပြ၍ (ကျင်စန်းကျော့ဂိတ်တခုမှလွဲ၍) မူဆယ်နယ်စပ်ဂိတ်ကို တရုတ်ဘက်က ပိတ်လိုက်သည်။ တရုတ်နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများကို သတင်းပေးမည်ဆိုပါက ယွမ်ငွေ ၂၀,၀၀၀ (မြန်မာငွေ သိန်း ၅၀ ခန့်) ပေးမည်ဟု ဆုကြေးထုတ်ခဲ့သည်။ သို့သော် ချင်းရွှေဟော်ဘက်တွင် တရုတ်ဘက်က ကုန်စည်များ ဝင်ထွက်ခွင့် ရနေသဖြင့် မြန်မာကုန်သည်များက အပြင်းအထန် ဝေဖန်ခဲ့သည်။ အကျိုးဆက်အားဖြင့် လမ်းကြောင်းသစ်အဖြစ် လွယ်ဂျယ်နယ်စပ်ဂိတ်မှ ဆန်တင်ပို့မှုများကို ပြောင်းလဲလုပ်ဆောင်ခဲ့ရသည်ဟူသော သတင်းဖော်ပြချက်များ ရှိခဲ့သည်။

**ဇူလိုင် ၂၀၂၁**

ဇူလိုင်အတွင်း မြန်မာနိုင်ငံ၌ ကိုဗစ်တတိယလှိုင်းဒဏ် သက်ရောက်မှုများ အမြင့်ဆုံး ဖြစ်ပေါ်ခဲ့သည်။ နယ်စပ်ဂိတ်များကို ပိတ်ထားသည့်အပြင် တရုတ်ဘက်က ရွှေလီနှင့် ကျယ်ဂေါင်မြို့များကို လော့ဒေါင်းချထားခဲ့သည်။ မြန်မာဘက်ကလည်း မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများကို ကိုးရက်ကြာ ရပ်နားခဲ့ သည်။ ထို့အပြင် တရုတ်နိုင်ငံ ဝမ်တိန်ဘက်ရောက် မြန်မာ့ပင်လယ်ထွက်ကုန်နှင့် ကုန်စိမ်းများကို ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် မြေမြှုပ်ပစ်ခဲ့ရသည်။ စစ်ကောင်စီ စီးပွားကူးသန်းဝန်ကြီးဌာနကလည်း နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ရောက်ရှိနှင့်ပြီးသော ကုန်တင်ယာဉ်များကို နေရပ်သို့ ပြန်လည်စေလွှတ်ခဲ့ပြီး အခြားကုန်တင်ယာဉ်များ အနေဖြင့် ပင်ရင်းဒေသများမှ ထွက်ခွာလာခြင်း မပြုရန် စာထုတ်တားမြစ်ခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေး ပစ္စည်းများကိုမူ ချွင်းချက်အနေဖြင့် တရုတ်ဘက်မှ တင်သွင်းခဲ့သည်။ တရုတ်-မြန်မာ ကုန်သွယ်ရေး လမ်းကြောင်းပေါ်ရှိ စစ်ကောင်စီ ကင်း စခန်းနှစ်ခုကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA) က တပြိုင်နက်တည်း ဝင်ရောက် တိုက်ခိုက်ခဲ့သည်ဆိုသော သတင်းဖော်ပြချက်လည်း ရှိခဲ့သည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန